# အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းအတွက် အသိပေးကြေညာချက်

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်အမှတ် (၆၃/၂၀၂၀) အရ ဒုတိယအဆင့်အနေဖြင့် ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့် ဖြစ်စေ လျှောက်လွှာလက်ခံမည့် ဌာနများသို့ လာရောက်လျှောက်ထားခြင်းကို ၂၀၂၃ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့မှ စတင်၍ ဆောင်ရွက်လျက်ရှိပါသည်။ ဦးစီးဌာန၏ ကြေညာချက်အမှတ် (၁/၂၀၂၃) ဖြင့်လည်း ထုတ်ပြန်ကြေညာပြီး ဖြစ်သည်။

၂။ ဒုတိယအဆင့်အနေဖြင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၉၃ (က)အရ အကျုံးဝင်သော အမှတ်တံဆိပ်များ (အမှတ်တံဆိပ်အဟောင်းများ) လျှောက်ထားခြင်းကိုသာ လက်ခံသွားမည် ဖြစ်သည်။

၃။ လျှောက်ထားချက်များသည် အခကြေးငွေပေးသွင်းခြင်းအား တစ်ပါတည်း ဆောင်ရွက်ရမည် ဖြစ်ပြီး ကိုယ်စားလှယ်ဖြင့် လျှောက်ထားခြင်းဖြစ်ပါက ကိုယ်စားလှယ် ခန့်အပ်လွှာ (TM-2 Form) အား TM-1 Form နှင့်အတူ ပူးတွဲ၍ လျှောက်ထားရမည် ဖြစ်သည်။

၄။ အီလက်ထရောနစ်မှတ်ပုံတင်စနစ်(WIPO File) အသုံးပြုရန် User Account ရရှိထားသူဖြစ်ပါက အဆိုပါ WIPO File စနစ်မှသာ လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၅။ **Soft Opening ပထမအဆင့်တွင် လျှောက်ထားခဲ့သော လျှောက်ထားချက်များ**အတွက် အခကြေးငွေပေးသွင်းခြင်းနှင့် TM – 2 Form တင်သွင်းခြင်းများအား **၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်နေ့ နောက်ဆုံးထား၍** လက်ခံဆောင်ရွက်ပေးမည် ဖြစ်သည်။

၆။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၉၃ (က)အရ အကျုံးမဝင်သော အမှတ်တံဆိပ်များ (အမှတ်တံဆိပ်အသစ်များ) လျှောက်ထားခြင်းကို **တရားဝင်ဖွင့်လှစ်သည့် (Grand Opening) ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၆ နေ့ရက်** မှစ၍ လက်ခံဆောင်ရွက်ပေးမည် ဖြစ်သည်။

**မူပိုင်ခွင့်ဦးစီးဌာန**

# အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းအား လူကိုယ်တိုင်လာရောက် လျှောက်ထားမည့်သူများ သိရှိဆောင်ရွက်ရမည့်အချက်များ

## ၁။ လျှောက်လွှာရယူခြင်း

- ❖ အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်း (TM-1 Form) အား ဖြည့်စွက်၍ လူကိုယ်တိုင် လာရောက်လျှောက်ထားရမည်။
- ❖ အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်း (TM-1 Form) အား Download ရယူခြင်း
  - ❖ www.ipd.gov.mm ၏ Home page > Menu > ကုန်အမှတ်တံဆိပ်နှင့် ဒေသဆိုင်ရာအညွှန်း > ကုန်အမှတ်တံဆိပ် > လျှောက်လွှာပုံစံများ

(https://www.ipd.gov.mm/trademark/trademark-1/forms-for-trademark)

## ၂။ လျှောက်လွှာအား ဖြည့်သွင်းခြင်း

- ❖ အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်း (TM-1 Form)အား ဖြည့်စွက်ရာတွင် လျှောက်ထားချက် တင်သွင်းသည့်နေ့ (Filing Date) သတ်မှတ်ရန် လိုအပ်ချက်များကို ပြည့်စုံစွာ ဖြည့်စွက်ရန် လိုအပ်ပါသည်။
- ❖ ကိုယ်စားလှယ်ဖြင့် လျှောက်ထားခြင်းဖြစ်ပါက ဦးစီးဌာနက သတ်မှတ်ထားသော ကိုယ်စားလှယ် သင်တန်းအောင်လက်မှတ်ရရှိထားသည့် ကိုယ်စားလှယ်မှတစ်ဆင့် လျှောက်ထားရမည် ဖြစ်ပါသည်။
- ❖ ကိုယ်စားလှယ်ဖြင့် လျှောက်ထားခြင်းဖြစ်ပါက www.ipd.gov.mm တွင် ကိုယ်စားလှယ် ခန့်အပ်လွှာ (TM-2 Form) အား Download ပြုလုပ်ဖြည့်သွင်းပြီး TM-1 Form နှင့်အတူ ပူးတွဲ၍ လျှောက်ထားရမည်။
- ❖ ဦးစီးဌာနက သတ်မှတ်ထားသော ကိုယ်စားလှယ် သင်တန်းအောင်လက်မှတ်ရရှိထားသည့် ကိုယ်စားလှယ်သည် အီလက်ထရောနစ်မှတ်ပုံတင်စနစ်(WIPO File) အသုံးပြုရန် User Account ရရှိထားသူဖြစ်ပါက အဆိုပါ WIPO File စနစ်မှသာ လျှောက်ထားရမည် ဖြစ်ပါသည်။

## ၃။ လျှောက်လွှာ ဖြည့်နည်းလမ်းညွှန်များ

- ❖ TM-1 Form နှင့် TM-2 Form များနှင့် အခြား Form များ၏ နမူနာဖြည့်သွင်းရန် နည်းလမ်းများကို https://www.ipd.gov.mm/trademark/trademark-1/guideline-

and-useful-information/user-guidelines-1 တွင် အသုံးပြုသူများအတွက် လမ်းညွှန်ချက်များတွင် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါသည်။

## ၄။ အခကြေးငွေ ပေးသွင်းခြင်း

❖ ဦးစီးဌာန၏ အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားချက် လက်ခံမည့်ရုံးချုပ်နှင့် ရုံးခွဲများသို့ လာရောက်လျှောက်ထားခြင်းများအတွက် သတ်မှတ်ထားသည့်အခကြေးငွေကို ကဒ်ပေးချေမှု လက်ခံစက်ဖြင့် ငွေပေးချေမှုနည်းလမ်း (Point of Sale - POS) စနစ်ဖြင့်ပေးသွင်းရမည်။

❖ POS စနစ်ဖြင့် ပေးသွင်းရာတွင် မြန်မာနိုင်ငံအတွင်း မည်သည့်ဘဏ်မဆိုပြုလုပ်ထားသည့် MPU Card တစ်ခုခုဖြင့် ဖြစ်စေ၊ CB Pay စနစ်ဖြင့် ဖြစ်စေ ပေးသွင်းနိုင်မည်။

❖ အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားခြင်းအတွက် အခကြေးငွေအား ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားနံပါတ် (Class) အရေအတွက်အလိုက် ပေးသွင်းရမည်။

ဥပမာ -

- Class အရေအတွက် တစ်ခု အတွက် ကျပ် ၁၅၀,၀၀၀/- ပေးသွင်းရမည်။
- Class အရေအတွက် နှစ်ခု အတွက် ကျပ် ၃၀၀,၀၀၀/- ပေးသွင်းရမည်။

## ၅။ လျှောက်လွှာလက်ခံသည့်ဌာနများ

❖ လျှောက်လွှာလက်ခံမည့် ဌာနများအား အောက်ပါတို့တွင် ဖွင့်လှစ်ထားရှိပါသည်-

နေပြည်တော်ရုံးချုပ် - ရုံးအမှတ်(၅၂)၊ မူပိုင်ခွင့်ဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဖုန်း ၀၆၇၄၃၀၅၉၄

အောက်မြန်မာပြည်ရုံးခွဲ(ရန်ကုန်)- အမှတ် ၂၂၈/၂၄၀၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁၈၃၈၀၂၈၃

အထက်မြန်မာပြည်ရုံးခွဲ(မန္တလေး)- ၃၅ လမ်းနှင့် ၆၃ x ၆၄ လမ်းကြား၊ ပို့ကုန်သွင်းကုန်ရုံး၊ ကုန်သွယ်ရေးဦးစီးဌာန၊ မန္တလေးမြို့

❖ အထက်မြန်မာပြည်ရုံးခွဲ (မန္တလေး)အား ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့မှ စတင်ဖွင့်လှစ်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်သည်။

**မူပိုင်ခွင့်ဦးစီးဌာန**

## “ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်မှတ်ပုံတင်လျှောက်ထားရန် ရက်ချိန်းရယူခြင်း” အတွက် အသိပေးကြေညာချက်

၁။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေနှင့်အညီ မှတ်ပုံတင်လျှောက်ထားရန် အမိန့်အမှတ် (၆၃/၂၀၂၀)အရ ဒုတိယအဆင့်ဖွင့်လှစ်မည့် ၂၀၂၃ ခုနှစ် ၊ ဧပြီလ(၃)ရက်နေ့မှစ၍ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် မှတ်ပုံတင်လျှောက်လွှာများကို မူပိုင်ခွင့်ဦးစီးဌာန၏ လျှောက်လွှာလက်ခံသည့် နေရာများတွင် လာရောက်လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၂။ ထိုသို့လျှောက်ထားရာတွင် လျှောက်ထားသူများ လျှင်မြန်လွယ်ကူစွာနှင့် အချိန်ကုန်သက်သာစေရန် ရည်ရွယ်၍ မူပိုင်ခွင့်ဦးစီးဌာန Website ၏ (www.ipd.gov.mm) အီလက်ထရောနစ်ဝန်ဆောင်မှုများ (e-Services) ကဏ္ဍအောက်တွင် မှတ်ပုံတင်လျှောက်ထားခြင်းအတွက် ရက်ချိန်းရယူနိုင်သည့်စနစ်ကို ဆောင်ရွက်ထားရှိပါသည်။ ရက်ချိန်းရယူနိုင်ရန် ဆောင်ရွက်မှုအဆင့်ဆင့်ကို အောက်ပါအတိုင်း လုပ်ဆောင်ရမည် ဖြစ်ပါသည်-

(က) မူပိုင်ခွင့်ဦးစီးဌာန၊ Website(www.ipd.gov.mm) ၏ မူလစာမျက်နှာ(Home Page)ရှိ အီလက်ထရောနစ် ဝန်ဆောင်မှုများ (e-Services) သို့ ဝင်ရောက်ပါ။

(ခ) လျှောက်လွှာလက်ခံမည့် ရုံးနေရာကိုရွေးချယ်ပါ ၊ (နေပြည်တော်၊ ရန်ကုန် )

(ဂ) လာရောက်လျှောက်ထားလိုသည့် နေ့ရက်ကိုရွေးချယ်၍ လျှောက်လွှာအရေအတွက်ကို ဖြည့်စွက်ပါ။

(ဃ) လာရောက်လျှောက်ထားမည့်သူ၏ အမည် ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၊ ဖုန်းနံပါတ်၊ အီးမေးလ် လိပ်စာတို့ကိုဖြည့်စွက်ပါ။

(င) အချက်အလက်များအားလုံး ဖြည့်စွက်ပြီးပါက Submit Button ကိုနှိပ်၍ ရက်ချိန်းရယူနိုင်ပြီ ဖြစ်ပါသည်။

(စ) ရက်ချိန်းရယူသူ၏ အီးမေးလ်သို့ မူပိုင်ခွင့်ဦးစီးဌာန အီးမေးလ် deptip.infotech@ipd.gov.mm မှ ရက်ချိန်းရယူခြင်းကို လက်ခံရရှိကြောင်း အကြောင်းကြားစာကို ပြန်လည်ပေးပို့ပေးမည် ဖြစ်ပါသည်။

၃။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် မှတ်ပုံတင်လျှောက်ထားရန် ရက်ချိန်းရယူသည့်စနစ်နှင့်စပ်လျဉ်း၍ မေးမြန်းလိုပါက အောက်ဖော်ပြပါ Help desk များသို့ဆက်သွယ်မေးမြန်းနိုင်ပါသည်-


| | |
|---|---|
| နေပြည်တော် | ရုံးအမှတ်(၅၂) ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်၊ ဖုန်း- ၀၆၇-၄၃၀၅၉၄ |
| ရန်ကုန်ရုံးခွဲ | အမှတ်(၂၂၈) / ၂၄၀၊ ကမ်းနားလမ်း ၊ ပန်းဘဲတန်းမြို့နယ် ၊ ရန်ကုန်မြို့ ဖုန်း – ၀၁-၈၃၈၀၂၆၅ |
| မန္တလေးရုံးခွဲ | ၃၅လမ်း နှင့် ၆၃x၆၄ လမ်းကြား၊ ပို့ကုန်သွင်းကုန်ရုံး၊ ကုန်သွယ်ရေးဦးစီးဌာန၊ |

မှတ်ချက်။ ။ အထက်မြန်မာပြည်ရုံးခွဲ(မန္တလေး)အား ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁၈)ရက်နေ့မှ စတင် ဖွင့်လှစ်၍ လက်ခံဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

မူပိုင်ခွင့်ဦးစီးဌာန

# အီလက်ထရောနစ်မှတ်ပုံတင်စနစ်
# (WIPO FILE Online Filing System)

**WIPO FILE Online Filing System ဆိုသည်မှာ မူပိုင်ခွင့်ဦးစီးဌာနတွင် Account ဖွင့်လှစ်၍ အွန်လိုင်းမှ တစ်ဆင့် မူပိုင်ခွင့်မှတ်ပုံတင် လျှောက်လွှာများကို လျှောက်ထားနိုင်သော စနစ်တစ်ခုဖြစ်ပြီး မှတ်ပုံတင်ခြင်းဆိုင်ရာ အခကြေးငွေ ပေးသွင်းခြင်းအတွက်လည်း အီလက်ထရောနစ် ငွေပေးချေမှုစနစ်များနှင့် ချိတ်ဆက်ထားသော စနစ်တစ်ရပ် ဖြစ်သည်။**




**မူပိုင်ခွင့်ဆိုင်ရာ ကိုယ်စားလှယ်သင်တန်း**

WIPO File Account ရရှိပြီးသူများနှင့် ထပ်မံလျှောက်ထားလိုသူများသည် မူပိုင်ခွင့်ဦးစီးဌာန မှ ကျင်းပပြုလုပ်သော အပတ်စဉ်အလိုက် ဖွင့်လှစ် သင်ကြားပေးမည့် မူပိုင်ခွင့်ဆိုင်ရာ ကိုယ်စားလှယ်သင်တန်းကို မဖြစ်မနေ တက်ရောက်ရမည် ဖြစ်သည်။

## WIPO File System တွင် Account တစ်ခုဖွင့်လှစ်ရန် နည်းလမ်း



**Agent**



**IP Office**

၁ WIPO FILE User Account ရရှိနိုင်ရန်အတွက် ipd.gov.mm/e-filing နှင့် efiling.ipd.gov.mm တို့တွင် WIPO FILE Account လျှောက်ထားခွင့်တောင်းခံလွှာ (User Account Registration Form) အား Download ရယူပါ။

Online_Filing_Account_Request.pdf

၂ လျှောက်ထားခွင့် တောင်းခံလွှာပါ အချက်အလက်များ ဖြည့်သွင်းပြီးပါက pdf format ဖြင့် မူပိုင်ခွင့်ဦးစီးဌာန အီးမေးလ် admin@ipd.gov.mm သို့ ပေးပို့လျှောက်ထားပါ။

၃ WIPO FILE Account လျှောက်ထားသူသည် မူပိုင်ခွင့်ဦးစီးဌာနမှ ထုတ်ပြန်ထားသည့် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပါက မူပိုင်ခွင့်ဦးစီးဌာနမှ လျှောက်ထားသူ၏ အီးမေးလ်သို့ Account Activate Link ပေးပို့မည်။

၄ မူပိုင်ခွင့်ဦးစီးဌာနမှ ပြန်လည်ပေးပို့သော အီးမေးလ်ပါ "Activate your account" သို့ ဝင်ရောက်၍ User Account Registration Form ပါ ကိုယ်စားလှယ်နှင့် သက်ဆိုင်သော အချက်အလက်များ၊ Login ID (User) နှင့် Password တို့ကို ဖြည့်သွင်း၍ User ID ကိုရယူရမည်။



# "လျှောက်လွှာလက်ခံသည့်ဌာနများတွင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် လျှောက်လွှာလက်ခံခြင်းအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်"

## အဆင့် (၁)

မှတ်ပုံတင်လျှောက်ထားခြင်းအတွက်ရက်ချိန်းရယူသည့်စနစ်ဖြင့် ဆောင်ရွက်ခြင်း





လျှောက်ထားသူ

- မူပိုင်ခွင့်ဦးစီးဌာန၊ Website (www.ipd. gov. mm) ၏ မူလစာမျက်နှာ (Home Page) ရှိ အီလက်ထရောနစ်ဝန်ဆောင်မှုများ (e-Services) သို့ ဝင်ရောက်ပါ၊
- လျှောက်လွှာလက်ခံမည့် ရုံးနေရာကို ရွေးချယ်ပါ ၊ (နေပြည်တော်၊ ရန်ကုန် ၊ မန္တလေး)၊
- လာရောက်လျှောက်ထားလိုသည့် နေ့ရက်ကို ရွေးချယ်၍ လျှောက်လွှာအရေအတွက်ကို ဖြည့်စွက်ပါ၊
- လာရောက်လျှောက်ထားမည့်သူ၏ အမည် ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၊ ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာတို့ကို ဖြည့်စွက်ပါ၊
- အချက်အလက်များအားလုံး ဖြည့်စွက်ပြီးပါက Submit Button ကိုနှိပ်၍ ရက်ချိန်းရယူနိုင်ပြီ ဖြစ်ပါသည်။
- ရက်ချိန်းရယူသူ၏ အီးမေးလ်သို့ မူပိုင်ခွင့်ဦးစီးဌာနအီးမေးလ် deptip.Infotech@ipd.gov.mm မှ ရက်ချိန်း ရယူခြင်းကို လက်ခံရရှိကြောင်း အကြောင်းကြားစာကို ပြန်လည်ပေးပို့ပေးမည် ဖြစ်ပါသည်။

## အဆင့် (၂)

Queue Management System (QMS) တိုကင်စနစ်



- QMS စနစ်ရှိ Number Picking Machine(တိုကင်ထုတ်ယူသည့်စက်တွင်) လျှောက်ထားသူ ဆောင်ရွက်လိုသည့် ဝန်ဆောင်မှုအမျိုးအစားကို ရွေးချယ်ပါ၊
- QMS စနစ်မှ ထုတ်ပေးသည့် တိုကင်စာရွက်ရယူပါ။
- ကောင်တာပေါ်ရှိ Display TV မှ ခေါ်ယူသည်အထိစောင့်ဆိုင်းပါ။
- ကောင်တာမှခေါ်ယူပါက တိုကင်စာရွက်နှင့်တကွ အဆိုပါ ကောင်တာ သို့ သွားရောက်ပါ။

## အဆင့် (၃)

Reception Counter တွင် Filing Date (၅)ချက်စစ်ဆေးခြင်းနှင့်အခကြေးငွေတွက်ချက်ပေးခြင်း




- လျှောက်လွှာပါ အချက်အလက်များမှ Filing Date (၅) ချက်ကို စစ်ဆေးခြင်း။
- မှန်ကန်ပါက QMS စနစ်မှ ထုတ်ပေးသည့် တိုကင်စာရွက်ပေါ်တွင်လျှောက်လွှာပါ Class အရေအတွက်ကို စစ်ဆေး၍ ပေးသွင်းရမည့် ငွေပမာဏ တွက်ချက်ရေးသား၍ လျှောက်ထားသူထံပြန်လည်ပေးခြင်း။

## အဆင့် (၄)

Point of Sales (POS) Device ဖြင့် ငွေလက်ခံခြင်း



- ငွေတွက်ချက်ထားသည့် အချက်အလက်ပါ QMS slip နှင့် တကွ လျှောက်ထားသူမှ Point of Sale (POS) Device တွင် ငွေပေးချေ ခြင်း။
- POS Device မှ Slip (၂)စောင်မှ (၁) စောင်ကို မှတ်ပုံတင် လျှောက်ထားချက်အတွက် မူပိုင်ခွင့်ဦးစီးဌာနတွင် သိမ်းဆည်းခြင်းနှင့် ကျန် (၁) စောင်ကို လျှောက်ထားသူထံ လက်ခံပြေစာ အဖြစ်ပေးခြင်း။



လျှောက်လွှာလက်ခံသူ

## အဆင့် (၅)

Industrial Property Administration System (IPAS)ဖြင့် အချက်အလက်များထည့်သွင်းခြင်း




- မူပိုင်ခွင့်မှတ်ပုံတင်ခြင်း စီမံခန့်ခွဲသည့် စနစ် Industrial Property Administration System (IPAS) တွင် (Application Type, Mark Name, Mark Owner, Mark Classes and Payment) ကို ထည့်သွင်းခြင်း။

## အဆင့် (၆)

လျှောက်ထားသူသို့ လျှောက်လွှာ၏ ပထမစာမျက်နှာကို မိတ္တူပြန်ပေးခြင်း



- လျှောက်လွှာ၏ပထမစာမျက်နှာကို မိတ္တူကူးပြီး အဆိုပါ IPAS တွင်ဖြည့်သွင်းခဲ့သောအချက်အလက်များကို print ထုတ်ခြင်း။
- အဆိုပါ Print ထုတ်ထားသော 1st page ကို လျှောက်ထားသူ အားပေးခြင်း။

❖ အဆင့်(၁) နှင့် အဆင့်(၂) သည် လျှောက်လွှာလာရောက်လျှောက်ထားသူမှ ဆောင်ရွက်ရမည် လုပ်ငန်းစဉ်များဖြစ်ပါသည်။

❖ အဆင့်(၃)၊(၄)၊ (၅)နှင့် (၆)တို့သည် မူပိုင်ခွင့်ဦးစီးဌာန၏ကောင်တာရှိ ဝန်ထမ်းများမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ဖြစ်ပါသည်။

**WIPO FILE Account ရရှိသော ကိုယ်စားလှယ်များအနေဖြင့် လျှောက်လွှာများကို WIPO FILE စနစ်မှသာ လျှောက်ထားကြရမည်ဖြစ်သည်။**